ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ

crph.offical.mm@gmail.com

ကြေညာချက် အမှတ် (၃/၂၀၂၁)

ဖေဖော်ဝါရီလ (၁၁)ရက်၊ ၂၀၂၁ခုနှစ်။

၁။ နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်းလုံး၌ တည်သည် ဟူသော ဖွဲ့စည်းပုံအခြေခံဥပဒေသဘောတရားအရ နိုင်ငံ၏ အချုပ်အခြာအာဏာကို လူတစ်စုက လက်နက်အားကိုးပြုလျက် အဓမ္မ သိမ်းပိုက်ထားချိန်တွင် အချုပ်အခြာအာဏာ၏ မူလပိုင်ရှင်ဖြစ်သော နိုင်ငံသားပြည်သူများ (နိုင်ငံ့ဝန်ထမ်းများအပါအဝင်)က အာဏာသိမ်းစစ်အုပ်စုအား အကြမ်းမဖက်သောနည်းဖြင့် ဆန့်ကျင်အာခံ ဖီဆန်ခြင်းသည် မိမိတို့၏ နိုင်ငံသားအခွင့်အရေးကို တရားနည်းလမ်းကျစွာ ခုခံကာကွယ်သည့် လှုပ်ရှားမှုဖြစ်သဖြင့် ဥပဒေနှင့် ညီညွတ်သော ဆောင်ရွက်ချက်ဖြစ်သည်ဟု မှတ်ယူရမည်။

၂။ အာဏာသိမ်း စစ်အုပ်စုသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ အခန်း (၁၁) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ အခန်းပါ မည်သည့်ပုဒ်မနှင့်မျှ ညီညွတ်ခြင်းမရှိဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေကို မျက်ကွယ်ပြု ချိုးဖောက်လျက် အဓမ္မ အာဏာ သိမ်းခြင်းဖြစ်သည့်အတွက် ဘယ်သောအခါမှ တရားဝင်အစိုးရအဖြစ် မှတ်ယူနိုင်မည်မဟုတ်ကြောင်း ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH) က ကြေညာချက် ထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

၃။ တရားမဝင်သည့် အာဏာသိမ်း အဖွဲ့အစည်းတစ်ခုအနေဖြင့် နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး မည်သည့်အာဏာကိုမျှ ရယူကျင့်သုံးခွင့် မရှိပေ။

၄။ တရားမဝင် အာဏာသိမ်းစစ်အုပ်စုက နိုင်ငံ့ဝန်ထမ်းများအပါအဝင် ပြည်သူများအပေါ် သတ်မှတ်ပြဋ္ဌာန်းသော ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်တစ်စုံတစ်ရာသည် တရားဝင်မှုမရှိသည့်အတွက် ပြည်သူများအနေဖြင့် လက်ခံလိုက်နာစရာ လုံးဝမလိုအပ်ပေ။

၅။ **Civil Disobedience Movement** ပြည်သူများ၏ စစ်အာဏာရှင် ဆန့်ကျင်တိုက်ဖျက်ရေး လှုပ်ရှားမှုသည် နိုင်ငံ့အရေးဆောင်ရွက်ချက်သာဖြစ်ပြီး ပါတီနိုင်ငံရေးဆောင်ရွက်ခြင်း မဟုတ်သည့်အတွက် ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၂၆ ပုဒ်မခွဲ(က)နှင့်လည်း ငြိစွန်းခြင်းမရှိပါ။

၆။ ထို့ကြောင့် နိုင်ငံ့ဝန်ထမ်းများအားလုံးသည် **Civil Disobedience Movement** စစ်အာဏာရှင် ဆန့်ကျင်တိုက်ဖျက်ရေး လှုပ်ရှားမှုတွင် အပြည့်အဝ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန်နှင့် ဤလှုပ်ရှားမှုတွင် ပါဝင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများ၏ မူလအလုပ်တာဝန်ရာထူးများ တည်မြဲရေးအတွက် ဥပဒေပြဋ္ဌာန်းလျက် အပြည့်အဝအာမခံချက်ပေးသွားမည် ဖြစ်ပါကြောင်း ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီက သဘောထား ထုတ်ပြန်လိုက်သည်။

ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ